## ရောမ မှ ပုဂံ သို့

ရောမရောက်သွားတော့
ရောမသားတွေလို ပီဇာစား
လမ်းကြိုလမ်းကြားတွေလျှောက်
ကျောက်တိုင်ကြီးတွေအောက် ငေးမော
ရောမအပျိုချောတွေကို အတွေ့
လောကကြီးကို မေ့ခဲ့ပါရဲ့။

အီတလီပျိုဖြူ ရောမသူတွေက
ပျူပျူငှာငှာ တို့ရွှေဗမာတွေနဲ့
မကွာလှပါကလား
ချစ်စရာ ကဗျာတပုဒ်လိုပဲပေါ့။



နေခြည်ဖြာဖြာနဲ့
အီတလီ သာသာယာယာမှာ
ရာဇဝင်မြောက် စာတင်လောက်တဲ့
အဆောက်အအုံတွေ အုံ့မဆုံး
ငါ့နှလုံး ဖမ်းစား
ပုဂံသားစိတ် ရှာန်ဝင်
အရိန္ဒမာလှံ့ တပြင်ပြင်နဲ့
မြင်းစိုင်းလို့ နှင်ချင်ငဲ့။

ရောမက ပုဂံ၊ ငါ့အိမ်ကို ပြန်ချင်ပေါ့။

၂၄-၂-၂၀၀၅
ဗုဒ္ဓဟူး နံနက်ခင်း